ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ အီးအိုင်အေ- RGE (၅၉ /၂၀၂၁)
ရက်စွဲ၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီ လ ၁၂ ရက်

အကြောင်းအရာ။ ကြားကာလအကြံပေး လုပ်ကိုင်သူများ မှတ်ပုံတင်ခြင်း အထောက်အထား လက်မှတ်များအား သက်တမ်းတိုးနိုင်ကြောင်း အကြောင်းကြားခြင်းကိစ္စ

အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊အပိုဒ်၁၇(က)အရကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြားကာလ အကြံပေးလုပ်ကိုင်သူများ မှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်များထုတ်ပေးခဲ့သည့် ပုဂ္ဂိုလ်(၂၅၇)ဦးနှင့် အဖွဲ့အစည်း(၇၂)ဖွဲ့တို့၏ ကြားကာလအကြံပေး လုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်များသည် (၃၁-၁၂-၂၀၂၀)ရက်နေ့တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါသဖြင့် (၁-၁-၂၀၂၁)ရက်နေ့မှ (၃၀-၆-၂၀၂၁)ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးနိုင်ရေးအတွက် ထုတ်ပေးခဲ့သည့် ကြားကာလ အကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်(မူရင်း)နှင့်တကွ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည်တင်ပြလျှောက်ထားရန် အကြောင်းကြားအပ်ပါသည်။

၁၂.၁.၂၀၂၁

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်ရရှိပြီးသူအားလုံး၊

မိတ္တူကို

မျှောစာတွဲ
ရုံးလက်ခံ